
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## လူတွေကိုယေရှုကကျန်းမာစေတယ် 3.07

### မာကု ၁၀၊ လုကာ ၁၇

ယေရှုနဲ့သူ့တပည့်တော်တွေဟာ နေရာတစ်ခုတည်းမှာပဲ မနေကြပါဘူး။ သူတို့မှာ အိမ်မရှိဘူး။ သူတို့ဟာ အမြဲသွားလာနေကြတယ်။ နေ့တိုင်းသူတို့စားဖို့အတွက် အစားအစာရှိကြတယ်။ ညတိုင်းမှာလည်း သူတို့အိပ်ဖို့နေရာရှိကြတယ်။ သူတို့လိုအပ်သမျှအတွက် ဘုရားသခင်က ပြင်ဆင်ပေးတယ်။ အဲဒီနည်းလမ်းနဲ့ ယေရှုဟာ တစ်မြို့မှတစ်မြို့ လှည့်လည်ပြီးသင်ကြားဆုံးမ၊ ကျန်းမာခြင်း ပေးတယ်။

တစ်နေ့ ယေရှုနဲ့တပည့်တော်တွေ ယေရိခေါမြို့မှာရှိနေကြတယ်။ လမ်းပေါ်သွားကြတဲ့အခါ လူများစွာဟာ သူတို့နောက်ကနေ လိုက်ကြတယ်။ လမ်းဘေးနားမှာ ဗာတိမဲဆိုတဲ့လူတစ်ယောက်ရှိတယ်။ သူဟာ မျက်စိမမြင်တဲ့ မျက်ကန်းဖြစ်တယ်။ ဒါပေမယ့် သူကြားနိုင်တယ်။ လူတွေက ယေရှုအကြောင်းပြောနေကြတာကြားတဲ့အတွက်ကြောင့် “ယေရှု၊ ကျွန်တော့်ကိုသနားပါ” လို့ သူအော်ဟစ်တယ်။ ယေရှုကိုအနှောင့်အယှက်မပေးဘဲတိတ်ဆိတ်စွာနေဖို့ လူတွေကသူ့ကိုပြောကြတယ်။ “ယေရှု၊ ကျွန်တော့်ကိုသနားပါ” လို့ ပိုကျယ်တဲ့အသံနဲ့သူထပ်အော်ဟစ်တယ်။

ယေရှုဟာ လမ်းပေါ်မှာရပ်တန့်လိုက်ပြီး “ဒီကိုလာဖို့သူ့ကိုပြောလိုက်ပါ” လို့ ပြောလိုက်တယ်။

လူတွေက “ပျော်လိုက်တော့၊ ယေရှု သင့်ကိုခေါ်နေပြီ” လို့ ဗာတိမဲကိုပြောကြတယ်။ ဗာတိမဲဟာ ထလာပြီးယေရှုဆီလျှောက်လာ တယ်။ သူဘာဖြစ်ချင်လဲလို့ ယေရှုကသူ့ကိုမေးတယ်။ “ကျွန်တော်မြင်ချင်ပါတယ်” လို့ ဗာတိမဲက ပြန်ပြောတယ်။

“သွားပါ၊ သင့်ယုံကြည်ခြင်းက သင့်ကိုကျန်းမာစေပြီ” လို့သူ့ကို ယေရှုကပြောတယ်။ ချက်ချင်းပဲ ဗာတိမဲဟာ မျက်စိမြင်သွားတယ်။

ယေရှုဟာ အခြားတစ်ရက်မှာ ထပ်ပြီးဒေသစာရီလှည့်လည်တယ်။ ရွာတစ်ရွာကိုရောက်ခါနီး ယေရှုရှလင်မြို့ကိုသွားတဲ့လမ်းဘေးမှာ သူနဲ့မလှမ်းမကမ်းမှာ လူဆယ်ယောက်မတ်တပ်ရပ်နေကြတာတွေ့ရတယ်။ သူတို့ဟာ လူနူတွေဖြစ်တယ်။ အနူရောဂါဟာ ပြင်းထန်တဲ့ အရေပြားရောဂါဖြစ်တယ်။ အဲဒီအချိန်တုန်းက သင့်မှာနူနာရောဂါရှိရင် ကျန်းမာတဲ့လူတွေနဲ့ဝေးတဲ့နေရာမှာ နေရမှာဖြစ်တယ်။ နူနာရောဂါဟာ ကူးစက်နိုင်တဲ့ရောဂါဖြစ်တယ်။ ယေရှုက လူတွေကိုဘယ်လိုကျန်းမာခြင်းပေးတယ်ဆိုတာကို သူတို့တွေကြားသိကြတယ်။ “ယေရှု ကျွန်ုပ်တို့ကို သနားပါ” လို့ သူတို့ကအော်ဟစ်ကြတယ်။

လူတွေကို ကျန်းမာခြင်းပေးဖို့ ယေရှုဟာ အမြဲတမ်းအဆင်သင့်ရှိနေတယ်။ “သွားပြီး ယဇ်ပုရောဟိတ်တွေကို ပြကြပါ” လို့ သူတို့ကို ပြောတယ်။ (ယဇ်ပုရောဟိတ်တွေဟာ လူတွေဘုရားသခင်ကို ကိုးကွယ်ခြင်းပြုတဲ့ဗိမာန်တော်မှာ အလုပ်လုပ်တဲ့သူတွေဖြစ်တယ်။ သူတို့တွေ ကျန်းမာပြီးအိမ်ပြန်လို့ရပြီလို့ သူတို့က အတည်ပြုပေးကြတယ်။)

နူနာရောဂါသည်တွေဟာ ချက်ချင်းကျန်းမာသွားကြတယ်။ သူတို့ဟာ ပျော်ရွှင်စွာပြန်လာကြတယ်။ သူတို့ထဲက တစ်ယောက်တော့ ပြန်လာတယ်။ သူဟာ ကျန်းမာသွားတယ်လို့သိတဲ့အခါ ဘုရားသခင်ကိုဝမ်းမြောက်စွာချီးမွမ်းတယ်။ ယေရှုရဲ့ခြေတော်ရင်းမှာ ဒူးထောက်ပြီး ကျေးဇူးတော်ကိုချီးမွမ်းတယ်။ “ဆယ်ယောက်ကျန်းမာသွားတာမဟုတ်လား။ သင်တစ်ယောက်တည်း ပြန်လာပြီး ကျေးဇူးတော်ကိုချီးမွမ်းတာလား? သင့်ရဲ့ယုံကြည်ခြင်းက သင့်ကိုကျန်းမာစေပြီ” လို့ ယေရှုကပြောတယ်။

ဒီအကြောင်းအရာနှစ်မျိုးလုံးမှာ ကျန်းမာခြင်းလိုအပ်သူတွေက သူတို့ကိုသနားဖို့ ယေရှုဆီမှာတောင်းလျှောက်ကြတယ်ဆိုတာ တွေ့ရတယ်။ သနားခြင်းကရုဏာဆိုတာ ကောင်းချီးလက်ဆောင်လိုပဲ၊ ကိုယ့်ဖက်ကရှာဖွေလုပ်ဆောင်ကြိုးစားမှုမပါဘဲ ရရှိပိုင်ဆိုင်တာမျိုး ဖြစ်တယ်။ ဂရုဏာဟာ ဘုရားကချစ်လို့ပေးတဲ့သူ့ရဲ့ကောင်းမြတ်ခြင်းဖြစ်တယ်။ ဒီအကြောင်းအရာနှစ်မျိုးလုံးမှာ ယေရှုက ကျန်းမာခြင်း ပေးခဲ့တယ်။ “သင့်ယုံကြည်ခြင်းက သင့်အနာကိုပျောက်စေပြီ” လို့ သူပြောတယ်။

သူတို့ဟာ သံသယကင်းစွာယုံကြည်ကြတဲ့အတွက် ယေရှုက “ယုံကြည်ခြင်း” လို့ပြောတာဖြစ်တယ်။ ကျွန်ုပ်တို့ဟာလည်း ယုံကြည်ခြင်းနဲ့ ယေရှုကိုခေါ်နိုင်ပါတယ်။ သူဟာ အမြဲနားထောင်ပေးသူဖြစ်တယ်။

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## လူတွေကိုယေရှုကျန်းမာစေတယ် - ဆရာလမ်းညွှန် 3.07

### မာကု ၁၀၊ လုကာ ၁၇ အဓိကအချက်များ

၁) ယေရှုနဲ့သူ့ရဲ့တပည့်တော်တွေဟာ နေစရာနေရာမရှိကြဘူး။ သူတို့ဟာ တမြို့ဝင်တမြို့ထွက် လူတွေကို ဩဝါဒပေးပြီး၊ ကျန်းမာခြင်းပေးကြတယ်။ သူတို့လိုအပ်သမျှကိုလည်း ဘုရားသခင်ကပေးတယ်။

၂) ပထမအကြောင်းအရာမှာ၊ ဗာတိမဲဟာ လူကန်းဖြစ်တယ်။ သူထိုင်နေတဲ့လမ်းနားမှာ ယေရှုလာနေတယ်ဆိုတာကို သူကြားတယ်။ သူ့ကိုကယ်မသနားဖို့ သူအော်ဟစ်တယ်။ သူဟာ မျက်စိပြန်မြင်ချင်တယ်။ သူ့ကိုယေရှုကျန်းမာစေတယ်။ "သင့်ယုံကြည်ခြင်းက သင့်အနာကိုကျန်းမာစေပြီ" လို့ ဗာတိမဲကို ယေရှုကပြောတယ်။

၃) ဒုတိယအကြောင်းအရာမှာ၊ လူဆယ်ယောက်ဟာ နူနာလို့ခေါ်တဲ့ပြင်းထန်တဲ့အရေပြားရောဂါကို ခံစားနေကြတယ်။ သူတို့လည်း ကယ်မသနားဖို့ အော်ဟစ်ကြတယ်။ ယေရှုက သူတို့ကိုကျန်းမာစေတယ်။ သူတို့ဟာ ကျန်းမာသွားတဲ့နောက် ပျော်ရွှင်စွာပြန်လာကြပေမယ့်၊ တစ်ယောက်တည်းကပဲ ယေရှုဆီပြန်လာတယ်။ သူဟာ ယေရှုရှေ့မှာဒူးထောက်ပြီး သူ့ကိုကျန်းမာစေလို့ ကျေးဇူးတင်ကြောင်းပြောပါတယ်။ "သင့်ယုံကြည်ခြင်းက သင့်ကိုကျန်းမာစေပြီ" လို့ ယေရှုကပြောတယ်။

၄) သနားခြင်းဂရုဏာဆိုတာ ဘုရားသခင်ကကျွန်ုပ်တို့ကို ချစ်လို့ပေးတဲ့သူ့ရဲ့ကောင်းမြတ်ခြင်းဖြစ်တယ်။ အဲဒီအတွက် လုပ်ပေးစရာမလိုဘူး။ ရှာဖွေနိုင်လို့မဟုတ်ဘဲ အဲဒီအရာကိုတောင်းလျှောက်ဖို့ ဖြစ်ပါတယ်။

၅) သံသယကင်းစွာဆက်ယုံကြည်ရဲတာကို ယုံကြည်ခြင်းလို့ခေါ်တယ်။ ကျွန်ုပ်တို့ဟာ ယေရှုကို ယုံကြည်ခြင်းနဲ့ခေါ်နိုင်တယ်။ သူဟာ အမြဲနားထောင်ပေးသူဖြစ်ပါတယ်။

### မေးခွန်းများ

၁) ယေရှုနဲ့သူ့တပည့်တော်တွေဟာ ဘယ်လိုနေထိုင်ကြသလဲ?

၂) ဗာတိမဲဟာ ဘာ့ကြောင့်ယေရှုကို အော်ခေါ်တာလဲ?

၃) နူနာရောဂါပျောက်ဖို့ လူဘယ်နှစ်ယောက်က ယေရှုကို အော်ခေါ်ခဲ့သလဲ?

၄) နူနာပျောက်သွားတဲ့နောက် လူဘယ်နှစ်ယောက်က ပြန်လာပြီးကျေးဇူးတော်ချီးမွမ်းသလဲ?

၅) ဗာတိမဲနဲ့နူနာပျောက်သွားတဲ့သူကို ယေရှုက ဘာပြောခဲ့သလဲ?

၆) ယုံကြည်ခြင်းဆိုတာဘာလဲ?

### အဖြေများ

၁) ယေရှုနဲ့သူ့တပည့်တော်တွေဟာ တမြို့မှတမြို့ဒေသစာရီသွားနေသူတွေဖြစ်တယ်။ သူတို့နေဖို့အတွက် လိုအပ်တဲ့အရာအားလုံးကို ဘုရားသခင် ပြင်ဆင်ပေးပါတယ်။

၂) ဗာတိမဲဟာ သူ့မျက်စိပြန်မြင်ချင်တဲ့အတွက် ယေရှုကိုအော်ဟစ်ခဲ့တာဖြစ်ပါတယ်။

၃) လူဆယ်ယောက်ဟာ သူတို့ရဲ့နူနာရောဂါပျောက်ကင်းဖို့အတွက် ယေရှုကိုအော်ဟစ်ခဲ့ပါတယ်။

၄) နူနာပျောက်သွားတဲ့အတွက် ယေရှုဆီပြန်လာပြီးကျေးဇူးတော်ချီးမွမ်းသူ တစ်ယောက်တည်းရှိပါတယ်။

၅) ဗာတိမဲနဲ့နူနာပျောက်သွားတဲ့သူကို "သင့်ယုံကြည်ခြင်းကသင့်ကိုကျန်းမာစေပြီ" လို့ ယေရှုကပြောခဲ့ပါတယ်။

၆) ယုံကြည်ခြင်းဆိုတာ သံသယမပါဘဲ ဆက်လက်ယုံကြည်နေခြင်းပါ။


Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org